# သတ္တမအကြိမ်မြောက် တိုင်းရင်းမီဒီယာညီလာခံ
# ထုတ်ပြန်ကြေညာချက်

စက်တင်ဘာလ ၁၈ရက်၊ ၂၀၁၉ခုနှစ်။

ဘီအဲန်အိုင်ဘက်စုံမီဒီယာအဖွဲ့(BNI Multimedia Group) က ကြီးမှူး၍ သတ္တမအကြိမ်မြောက် တိုင်းရင်းမီဒီယာ ညီလာခံကို “တရားမျှတမှုအတွက် တိုင်းရင်းမီဒီယာ” ဆောင်ပုဒ်ဖြင့် ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ မနောကွင်းရှိ မဂ္ဂျယ်ခန်းမတွင် ၂၀၁၉ခုနှစ်၊ စက်တင်ဘာလ ၁၆ရက်မှ ၁၈ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့သည်။

ညီလာခံသို့ ကချင်ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဘီအဲန်အိုင်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ၊ ပြည်နယ်အတွင်းရှိ နိုင်ငံရေးပါတီများ၊ မျိုးနွယ်စုအလိုက် ရိုးရာယဉ်ကျေးမှုအဖွဲ့များ၊ အရပ်ဖက်အဖွဲ့အစည်းများ၊ ဘာသာရေးခေါင်း ဆောင်များ၊ စစ်ဘေးရှောင်စခန်းမှ ရပ်မိရပ်ဖများ၊ မြန်မာနိုင်ငံအတွင်းရှိ မီဒီယာဌာနများ၊ သတင်းမီဒီယာကွန် ရက်များ၊ အလှူရှင်များနှင့် သံရုံးကိုယ်စားလှယ်များ အပါအဝင် စုစုပေါင်း လူပရိသတ် ၂၀၀ကျော် တက်ရောက်ခဲ့ကြ သည်။

သုံးရက်တာ ပြုလုပ်ခဲ့သည့် ၎င်းညီလာခံတွင် တက်ရောက်ကြသူများက သတင်းမီဒီယာလွတ်လပ်ခွင့်၊ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ သတင်းသမားများ၏လုံခြုံရေး၊ တိုင်းရင်းမီဒီယာများ၏ ရေရှည်တည်တံ့ခိုင်မြဲရေး၊ ကချင်ဒေသ အတွင်းရှိ ပဋိပက္ခများ၊ အကြီးစား ဖွံ့ဖြိုးရေးစီမံကိန်းများ၊ သဘာဝပတ်ဝန်းကျင်နှင့် အများပြည်သူအပေါ် ဆိုးကျိုး သက်ရောက်မှုများ၊ စစ်ဘေးရှောင်စခန်းမှ ဒေသခံများ၏ အခက်အခဲများ၊ တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှု ဆိုင်ရာကိစ္စရပ်များ၊ တိုင်းရင်းမီဒီယာမူဝါဒဆိုင်ရာ အကြံပြုချက်များ၊ ဒီမိုကရေစီအသွင်ကူးပြောင်းရေးနှင့် မီဒီယာ အလားအလာများကို အဓိကထားကာ တင်ပြဆွေးနွေးခြင်းများ၊ အကြံပြုခြင်းများ ပြုလုပ်ခဲ့ကြသည်။

တိုင်းရင်းမီဒီယာညီလာခံကို ၂၀၁၃ခုနှစ်မှစ၍ မွန်ပြည်နယ်၊ သျှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယား (ကရင်နီ)ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ဘီအဲန်အိုင်နှင့် သက်ဆိုင်ရာ ပြည်နယ်အခြေစိုက် အဖွဲ့ဝင်သတင်းဌာန တို့ ပူးပေါင်း၍ နှစ်စဉ် ကျင်းပလာခဲ့ကြပြီးဖြစ်သည်။

**၎င်းသတ္တမအကြိမ်မြောက် တိုင်းရင်းမီဒီယာညီလာခံတွင်**

၁) တိုင်းရင်းသားမီဒီယာမူဝါဒ မူကြမ်းတစ်ခု ပေါ်ထွက်လာရေးအတွက် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားရန် ဆုံးဖြတ်ခဲ့ကြသည်။

205/206,6c,Damayone street,
Royal Zawtika Condo,
Thingangyun Township.

www.bnionline.net
Email: ygnoffice@bnionline.net
Phone: +95(0)9 4500 44627

၂) တိုင်းရင်းသားဒေသများတွင် ဒေသဆိုင်ရာ သတင်းသမားများ ပိုမို ပေါ်ထွက်လာရေးနှင့် လက်ရှိသတင်းသမားများ အကြောင်းအရာအလိုက် အထူးပြု သတင်းရေးသားထုတ်လုပ်သွားနိုင်ရေး အရည်အသွေးမြှင့်တင်သွားရန် ဆုံးဖြတ်ခဲ့ကြသည်။
၃) အရပ်ဖက်အဖွဲ့အစည်းများ အပါအဝင် သတင်းအရင်းအမြစ်များနှင့် သတင်းမီဒီယာများအကြား တိကျခိုင်မာသည့် သတင်းစီးဆင်းမှု အားကောင်းလာစေရေး ဆောင်ရွက်သွားရန် ဆုံးဖြတ်ခဲ့ကြသည်။
၄) မြန်မာနိုင်ငံတွင် ဖက်ဒရယ် ဒီမိုကရေစီစနစ် ပေါ်ထွန်းလာရေးအတွက် သတင်းမီဒီယာများက တိုင်းရင်းသားပြည်သူများ၏ အသံများကို ထင်ဟပ်စေသည့်သတင်းများကို ပိုမိုရေးသား ဖော်ထုတ်သွားမည်။

**တောင်းဆိုချက်များ**

၁။ သတင်းအချက်အလက် ရပိုင်ခွင့် (Right to Information) ဥပဒေကို အမြန်ဆုံး ပြဋ္ဌာန်းပေးရန် တောင်းဆို သည်။
၂။ မီဒီယာဥပဒေ၊ နည်းဥပဒေများကို တိုင်းရင်းသားဘာသာဖြင့် ဘာသာပြန်ဆို ထုတ်ဝေပေးရန် တောင်းဆိုသည်။
၃။ မီဒီယာပံ့ပိုးသူများအနေဖြင့်လည်း ဒေသ အခြေစိုက် သတင်းဌာနများအား နည်းပညာပိုင်း၊ ဘဏ္ဍာရေးပိုင်း ဆက်လက် ကူညီသွားရန် တောင်းဆိုသည်။
၄။ အစိုးရအနေဖြင့် အကြီးစား ဖွံ့ဖြိုးရေးစီမံကိန်းများနှင့် ပတ်သက်ပြီး မူဝါဒများ ချမှတ်ကာ သတင်းမီဒီယာများ အပါအဝင် အများပြည်သူ သိရှိနိုင်ရေးအတွက် ပွင့်လင်းမြင်သာစွာ ချမှတ်ထားရန် တောင်းဆိုသည်။
၅။ ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံ တည်ဆောက်ရာတွင် ပါဝင်ပတ်သက်သူများ၏ အစုအဖွဲ့ အသီးသီးတွင် မီဒီယာမူဝါဒများကို တရားမျှတမှုရှိစွာဖြင့် ချမှတ်ပြဋ္ဌာန်းသွားရန် တောင်းဆိုသည်။
၆။ လာမည့် ၂၀၂၀ အထွေထွေ ရွေးကောက်ပွဲတွင် သတင်းရယူခွင့်အတွက် နယ်မြေနေရာ ကန့်သတ်မှုမရှိဘဲ လွတ်လပ်စွာ သွားလာရယူခွင့်ရှိရန် တောင်းဆိုသည်။

**ဆက်သွယ်ရန်**


နန်းဖော့ဝေ - ၀၉၇၈၆၂၉၂၄၄၃
စိုင်းမိဂျာ်း - ၀၉၂၅၃၁၆၉၇၄၂
ဆမ်နော် - ၀၉၄၄၀၂၆၀၄၅၅